
Future Time Idea Group
ကာတွန်း
ဒဏ္ဍာရီထဲမှာမောင့်ကိုထားရစ်ခဲ့...

# အခန်း [ ၁ ]





အရှေ့ဆီမှ ရောင်နီများ စတင် ယှက်သမ်းကာ ဖြိုးဖြိုးဖျက်ဖျက် မှို့အနက်ကျလာသည်...







ကစုန့်စိုင်း ပြေးသွားနေ
သော မြင်းကို ကျွန်ုပ်ရုတ်တရက်
ဆက်သတ်လိုက်၏ ။
တောသည့် နက်သည့်ထက်
နက်ရှိုလာသည်၊
တောက်
နောက်ဘဝ
ဝဋ်လည်ပါစေ
ဗျာ...
နက်ဖိုကျော် သားကြီး
ခဏရပ်စမ်း သားကောင်းနဲ့
ရတယ်
ဝိတ်ရှိုယစ်အိမ်ကြီးမှထွက်ခွာလာခဲ့စဉ်
ကျွန်ုပ်၏ပစ္စည်းအစုကိုကတိုက်ကရိုက်
ခဲ့သည်၊ မြားတစ်စင်း၊ သားလှီးဓားတစ်လက်
ပုဆိန်တစ်ခု နှင့် တောင်တက်ကြိုးတစ်ချောင်း
ကိုသာယူဆောင်ခဲ့လေသည်၊
ဟုတ်တယ်မှူးကြီး
သတိထား
ဟိုက်
တော်တော်အနန့်
ကောင်းတဲ့လူပါလား
ဒီမှာဖြင့် ဝမ်းချုပ်လို့
မနည်းအားထုတ်နေ
ရတာ...
မဖြစ်ဘူး
မြန်မြန်လက်စ
သတ်မှ



တောနှင့်အကျွမ်းတဝင်ကျင့်သားရနေသူမို့
ကျွန်ုပ်၏နှလုံးသွေးတို့သည်သားကောင်နံ့
ကြောင့်ပွက်ပွက်ဆူထလာသည်၊ ဓားကို
ပါးစပ်ဖြင့်ကိုက်လျက် ကျွန်ုပ် မြင်းပေါ်မှ
ဆင်းခိုက် နွယ်ပင်နှားဆီမှသစ်ရွက်ခြောက်
များအားဖြတ်နင်းသံကိုကြားရသည်..
လျှပ်တစ်ပြက်အသံလာရာဆီသို့
ဓားကို လက်စမှန်မှန် ဖြင့်ကျွန်ုပ်
ပစ်လွှတ်လိုက်သည်၊
သေချာသည်၊ ဘုန်းကနဲပြိုလဲသံ
ထွက်ပေါ်လာပြီး သားကောင်သည်
ချက်ကောင်းအားထိမှန်ကာအော်
ညည်းချိန်ပင်ရလိုက်ပုံ မပေါ်၊
ကဲ...မှူးပြင်း
သွားကြည့်လိုက်စမ်း
ဒီ ပစ်ချလိုက်တာ
ဘာကောင်လဲဆိုတာ..

ဖြတ်နင်းသံပြိုလဲသံတို့အားမှန်းဆကြည့်ရှုဖြင့်သားကောင်သည်အကောင်ငယ်မျိုး မဟုတ်မှန်း ကျွန်ုပ်အတတ်သိသည်။ တစ်ခဏအကြာတွင် ပျူပြင်း ပြန်ရောက်လာသည်။







သွားပြီ....ကျွဲတောကျွဲတောင်သည် ကနေးဒီးယန်းလူရိုင်း တို့ နေထိုင်ရာနယ်မြေ နှင့်လွင်ပြင်တစ်ခုသာ ခြားသည်။ ထို လူရိုင်းတို့သည်တစ် ဦးတစ်ယောက်တည်း ခွဲထွက်၍ သွားလာမှု မပြုတတ်။






ကျနော် မြင်းပေါ်သို့ လွှားကနဲခုန်တက်ခိုက် အဝေးဆီမှ ကျဲတံပိုးမှုတ်သံနှင့်အတူ လှုပ်ရှားလာသည့်လှိုင်းသံကိုကြားရသည်၊ထိုအသံသည်အဘိုးအသင်းဖွဲ့၍ညာသံပေးသောသဘောမျိုးဖြင့် တစ်စထက်တစ်စကျယ်လောင်စွာတောတောင်နံရံများအနှံ့ ရိုက်ခတ် ပြိုကျလာသည်






ဟော့ကောင်ပျူငြင်း ဒီလောက်ထိ အသက်လုပြီး ပြေးနေရတဲ့ကြားက မင်းကသီချင်းဆိုနေရ သေးတယ်
အနှုတ်အာလွှင်ပြင်ကို ဖြတ်တော့မည်၊ ကျွန်ုပ်၏မြင်းကား အရှိန်အဟုန်ပြင်းစွာ ကစုန် ရှိုင်း နေဆဲ... ထိုလွှင် ပြင်သည်တောင်ပတ်လည်ကြား၌ ညီညာ ဖြောင့်ဖြူးလျက် ရှိသော်လည်းကျွန်ုပ်တို့ နှစ်ဦး အတွက် သတ်ကွင်းသာဖြစ်ချိမ့်မည်
အေးကွ မိတ်ဆက်တီးတိုး ကောင်းတော့ ပါလဲအလိုက်သင့် ဆိုမိတာပေါ့


ဟေး...
ဟိုက် မြတ်စွာဘုရား
နည်းနည်းလေးမှ မစောင့်ဘူး ခါတဲ့မှ...
ကျွန်ုပ်တွေးထင်ထားသည့်အတိုင်းတောင် အမြင့်ပတ်လည် မှ မြားအစင်းပေါင်းများစွာ ပြိုဆင်းဖြန့်ခင်းလာသည်၊
ပုဆိုး ခုခံဖို့ မလွယ်တော့ဘူး မြင်းဇက် သတိပြီး ဒီအတိုင်းရပ်နေ လိုက်ရင်ကောင်းမယ်
တောက် ဘာမှအသိဉာဏ်မရှိတဲ့ လူတွေကို အညှ့်ခံလိုက်ရတာ.. နာတယ်ကွာ...
မကြာမီတောင်အမြင့်ပတ်လည် မှလူရိုင်းများ အချို့တစ်စုအား ပုရွက်ဆိတ်များ ဝိုင်းဝန်းအုံကြွ နေသလို ကျွန်ုပ်တို့၏အနားသို့ တရူရူ စုရုံးတိုးဝင်လာကြ၏ ။

ခေါင်းတွင်ကြက်တောင်ငှက်တောင်များစိုက်ထိုးထားပြီး လည်ပင်းနှင့်လက်မောင်းရင်းတွင်
ဆင်စွယ်ကြိမ်ခွေများရစ်ပတ်ထားကြ၍ညစ်ပတ်ပေရေလျက် ရှိသောတစ် ပိုင်းတစ်စခြုံလွှာ
များ လွှမ်းထားကြသည့်လူရိုင်းအုပ်စုအားလှံရှည်များ ဒိုင်းလေးများမှုတ်ပြောင်း
များ၊ ပုဆိန်များနှင့်ကျွန်ုပ်တွေ့မြင်လိုက်ရ၏။




ရှေ့ဆုံးမှမလေကောင်းကောင်းနှင့်ခေါင်းဆောင် ဖြစ်ဟန်တူသောလူရိုင်းသည်ကျွန်ုပ်တို့နှစ်ဦး
အားတစ်ချက်အကဲခတ်လိုက်ပြီး သူတို့ဘာသာဖြင့်ကျယ်လောင်စွာရွတ်ဆိုသည်၊



ထိုစဉ်တောင်ပေါ်တက်မှခွေးအူသံကဲ့သို့ စူးစူးဝင်ဝင်အသံရှည်ကြီးတစ်ခု ပျံ့လွင့်လာသည်၊ ပေါ်ထွက်လာသည့်အသံ၏နောက်တွင် ကျွန်ုပ်တို့နှစ်ဦးအား မျက်ဝတ်များစည်း၍ ကြိုးနှင့်ပူးတွဲတုပ်နှောင်ကာ ခရီးဆက်ခဲ့ကြ၏။






ကျွန်ုပ်သည် မိမိသေရမည့်အရေး
ကို စိုးရိမ်မည့်အစားယခုစင်ပေါ်
တွင် ကြိုးနှင့်တုပ်နှောင်ခံထားရ
သည့် လုံမပျိုဆီသို့သာတဖုံ
တသြကြက်သေ သေလျက်
ငေးမောနေမိ၏..

ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသောအဖြစ်အပျက်
ကြားတွင် လုံမပျို၏မျက်ဝန်းတို့သည် ရဲရင့်တည်ငြိမ်
လွန်းလှသည်လုံမပျို၏ ခန္ဓာကိုယ်တစ်ခုလုံးတွင်အရှက်
ကို လုံရုံသာဖုံးလွှမ်းထားသည့် အရောင်အဆင်းလွင့်
ပြယ်နေသောအဝတ်ပိုင်းတစ်ခုကိုသာတွေ့ရ၏ ။








ချိုအီသောအနံ့များနှင့်အလိပ်လိပ်တက်လာသောအရောင်မှုန့်များကြားတွင်လူရိုင်းများ မုံတိုပတ်စများတီး၍အော်ဟစ်ကြသည်




ဟေ့ . . .
ရော့လော့တယ်
အားလုံးကခုန်နေရာမှရပ်လိုက်ကြပြီး မီးတုတ်များကိုင်ဆောင် လျက်တစ်ဖက်ထင်းပုံကြီးရှိရာသို့ ပိုင်းရံလိုက်ကြသည်၊ ထို ထင်းပုံ၏အထက်တွင် အဆမတန်ကြီးမားသောအိုးကြီး တစ်လုံးရှိ၏
ထိုအိုးကြီးထဲသို့ နံဘေးရှိလင့်စင်ပေါ်မှရေဖြည့်သူကဖြည့်သည်၊ သစ်ရွက်သစ်ဖုများ ထည့်သူကထည့်၏၊ ထို့နောက် မီးတုတ်များအား မီးညှိထွန်း၍ထင်းပုံထဲသို့ပစ်ထည့် လိုက်ကြသည်




အင်အားကြီးမားသည့်မီးဖိုဆီမှမီး ရောင်သည့်ဝန်းကျင်တွင်ထိန်ထိန်ညီး လျှက်ထွန်းလင်းတောက်ပလာသည်၊

ယခုစင်မှကြိုးဖြေပြီးခေါ်လာသည့်လုံမပျိုအား လင်စင်ထက်သို့တက်စေသည်၊ တခဲနက်အော် ဟစ်သံများ ကောင်းကင်၏မျက်နှာကျက်သို့ပဲ့တင် ရိုက်ခတ်သွားသလို ပွက်ပွက်ညံသွားလေသည်၊






လုံမငယ်၏ ခါးရှိချည်နှောင်ထားသည့်
ခါးစည်းကြိုးအားလူရိုင်းမတစ်ဦးဖြုတ်
ချိန်တွင် ကျွန်ုပ်၏ရင်သည်ဆောက်တည်
ရာမဲ့ လှုပ်ရှားလွန်းလှသည်
အကာကွယ်မဲ့သွားသောလုံမပျို၏ ကိုယ်ခန္ဓာအထက်ပိုင်းကြောင့်တဆတ်ဆတ်တုန်ခါ
နေသောနှလုံးသွေးနှင့် ကျွန်ုပ်၏မျက်ဝန်းအစုံကို အားယူ မှိတ်ပစ်လိုက်မိသည်၊
ဝှီး
တောက်...ရက်စက်တယ်
ကွာ....ငါတို့တစ်ခုခုလုပ်
မှ ဖြစ်မယ် မှကြီး...
ကဲ.....ငါအော်သလို
လိုက်အော်..

ရောင်းရင်းပုပြင်း၏ရည် ရွယ်ချက်ကို ကျွန်ုပ်မသိသော်လည်းထူးခြားမှုတစ်ခု ရှိလိမ့်မည်ဟု ကျွန်ုပ်သိသည်၊ ထို့ကြောင့်ပုပြင်းအတိုင်းကျွန်ုပ်လည်း ဖော်လိုလိုက်၍အော် မိ၏။







ရုတ်တရက်ပေါ်ထွက်လာသည့်အသံကြောင့် လူရိုင်းအုပ်စုသည်ကျွန်ုပ်တို့အနားသို့ဝိုင်းရံလိုက်ကြသည်၊ ခေါင်းဆောင်ဖြစ်သူသည် စိတ်တိုသွားဟန်ဖြင့်ကျွန်ုပ်တို့နှစ်ဦးအား လက်ညှိုးထိုးရင်းအမိန့်ပေးလိုက်၏



လူရိုင်းနှစ်ဦး ကျွန်ုပ်တို့အားတစ်ဦးစီကိုဖြေပေးရင်းလင့်စင်ပေါ်သို့တင်လိုက်ကြသည်
ထုံးစံအတိုင်း ချပ်ဝတ်တန်ဆာ များချွတ်ရင်းကျွန်ုပ်တို့နှစ်ဦးအိုးကြီးထဲသို့ကျလေသည်






အောက်ခြေ၌ မီးထိုးထားသော်လည်းများပြားလှသောရေ၏ထုထည်ကို မီးအရှိန်သည်
မဖောက်နိုင်သေး ရေသည်အေးမြနေဆဲ...






ရှိသမျှ အင်အားနှင့်သုံးဦးသားလှုပ်ခါလိုက်ကြ၍အိုးကြီးသည် ရွှံ့စောင်းယိမ်းထိုးကာ ရေအချို့ဘောက်ဘင်ခတ်ပြီးလျှံကျသည့်အခါ လူရိုင်းအုပ်စု မှဟေးကနဲ့အော်ဟစ်ကြ၏။






